# လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
# DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## ပါတီဖွဲ့စည်းတည်ထောင်ခြင်း အနှစ်နှစ်ဆယ်ပြည့် အထိမ်းအမှတ် နိုင်ငံရေးသဘောထားထုတ်ပြန်ချက်

လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ စတင်ဖွဲ့စည်းတည်ထောင်ပြီး ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ စစ်အာဏာရှင်စနစ် အကုန်အစင် ဖျက်သိမ်းရေး၊ အမျိုးသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ကိုအာမခံနိုင်သော ပြည်နယ်ပေါင်းစု ပြည်ထောင်စုတည်ဆောက်ရေး တိုက်ပွဲစဉ်ကြီးအတွင်း ကျရာအခန်းမှ နည်းသဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားပါဝင်ခဲ့သည်မှာ ...

ယနေ့ ၂၀၀၈ အောက်တိုဘာလ (၁၄) ရက်နေ့တွင် နှစ် (၂၀) တင်းတင်းပြည့်ခဲ့ပြီ ဖြစ်ပါသည်။

၎င်းအနှစ် (၂၀) ဖြတ်သန်းမှုအတွင်း လူမျိုးစုံ မြန်မာပြည်သူများအကျိုးအတွက် ကျဆုံးသွားခဲ့ရသော၊ အသက်ပေး စွန့်လွှတ်ပေးဆပ်ခဲ့ကြသော ဥက္ကဌ ရဲဘော်မြင့်ဇော်နှင့်တကွ ပါတီခေါင်းဆောင်များ၊ ပါတီရဲဘော်များကို လှိုက်လှဲစွာ ဦးညွှတ်ဂုဏ်ပြုအပ်ပါသည်။ တဆက်တည်းတွင် စစ်အစိုးရ၏ အကျဉ်းထောင်အသီးသီး၊ စစ်ကြောရေးစခန်းအသီးသီးတွင် ဖိနှိပ်ညှင်းပမ်းမှုများကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့၊ ရင်ဆိုင်နေဆဲဖြစ်သည့် ပါတီခေါင်းဆောင်များ၊ ပါတီရဲဘော်များအား လေးလေးနက်နက်ဂုဏ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပါတီ၏ ဖြတ်သန်းမှုခရီးစဉ်တလျှောက်တွင် ပါတီအား ဝန်းရံထောက်ခံခဲ့ကြသော၊ သဏ္ဍာန်အမျိုးမျိုးဖြင့် အကူအညီပေးခဲ့ကြသော၊ လက်တွဲလုပ်ကိုင်ခဲ့ကြသော၊ ယခုလက်ရှိမှာလည်း လက်တွဲလုပ်ကိုင်နေကြသော ပြည်တွင်းပြည်ပနှင့် နိုင်ငံတကာရှိ လုပ်ဖော်ကိုင်ဖက်များ၊ အဖွဲ့အစည်းများနှင့် အင်အားစုများအားလုံးကိုလည်း လှိုက်လှဲသော ကျေးဇူးတင်မှုနှင့်အတူ ထာဝစဉ်မှတ်တမ်းတင်ထားမည်ဖြစ်ကြောင်း ဦးစွာအားဖြင့် ဖော်ပြလိုပါသည်။

၎င်း အနှစ် (၂၀) ပြည့်နေ့တွင် မိမိတို့ပါတီ၏ အမြင်သဘောထားများကို တင်ပြလိုပါသည်။

ယနေ့ကာလသည် နအဖ စစ်အစိုးရက စစ်အာဏာရှင်စနစ် မြန်မာ့မြေပေါ်၌ တရားဝင်တည်ရှိခွင့်၊ သက်ဆိုးရှည်ပိုင်ခွင့်ကို ၂၀၁၀ တွင် ရွေးကောက်ပွဲကျင်းပ၍ အရယူရန် ကြံစည်ကြိုးပမ်းနေသောကာလ ဖြစ်ပါသည်။

တဖက်တွင် ၉၀ – ပြည့်နှစ်ပါတီစုံရွေးကောက်ပွဲ ရလဒ်ပိုင်ရှင် နိုင်ငံရေးပါတီများ၏ တည်ရှိခွင့်ကို ကန့်သတ်ပိတ်ဆို့ ခြိမ်းခြောက်နေရုံသာမက ပြည်သူလူထု၏ ဆန္ဒအစစ်အမှန်ဖြစ်သော ၉၀ – ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို တစမကျန်ဖျက်သိမ်းပစ်ရန် ပြင်ဆင်နေသည့်ကာလလည်း ဖြစ်ပါသည်။

ထို့အပြင် ၉၀ – ပြည့်နှစ် ရွေးကောက်ပွဲရလဒ်ကို ကာကွယ်စောင့်ရှောက်နေသော၊ ရွေးကောက်ပွဲအနိုင်ရ နိုင်ငံရေးပါတီများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီကို ကာကွယ်စောင့်ရှောက်နေသော၊ စစ်အာဏာရှင်စနစ် တရားဝင်ပြဋ္ဌာန်းလာမှုကို ပြတ်ပြတ်သားသား ကာကွယ်တားဆီးနေသော၊ လူမျိုးစုံ ပြည်သူတရပ်လုံးအတွက် ဒီမိုကရေစီနှင့် လူ့အခွင့်အရေး အပြည့်အဝရရှိရန် လှုပ်ရှားဆောင်ရွက်နေသူ မည်သူမဆို ရဟန်းသံဃာတော်များပါမကျန် နအဖစစ်အုပ်စုက ဥပဒေမဲ့ ဖိနှိပ် ဖမ်းဆီး ညှင်းဆဲ သတ်ဖြတ် ထောင်ချပစ်နေသော ကာလလည်း ဖြစ်ပါသည်။

များမကြာမီ နအဖ စစ်အစိုးရက ...

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ဥပဒေများကို ပြဋ္ဌာန်းလာတော့မည်။

၂။ ၂၀၁၀ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးအတွက် ရွေးကောက်ပွဲဝင်မည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို တင်သွင်းပေးရန် တောင်းခံလာတော့မည်။

ထိုလုပ်ရပ် နှစ်ခုနှင့်ပင် ၁၉၉၀ ရွေးကောက်ပွဲအနိုင်ရပါတီများနှင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို စိန်ခေါ်ခြိမ်းခြောက်လာတော့မည် ဖြစ်ပါသည်။

တပြိုင်နက်တည်းတွင် နိုင်ငံရေးအရ တန်းတူရည်တူ ဆွေးနွေးအဖြေရှာနိုင်ရေးအတွက် အပစ်အခတ်ရပ်ခဲ့ကြသည့် လက်နက်ကိုင်အင်အားစုအသီးသီး၏ တပ်တည်ရှိခွင့်နှင့် ပါတီတည်ရှိခွင့်များကိုလည်း စိန်ခေါ်ခြိမ်းခြောက်လာတော့မည် ဖြစ်ပါသည်။

၎င်း စိန်ခေါ်ခြိမ်းခြောက်နေခြင်းများသည် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ သက်ဆိုင်ရာ လက်နက်ကိုင်အင်အားစုများကိုသာ စိန်ခေါ်ခြိမ်းခြောက်နေခြင်းသက်သက်မျှ မဟုတ်ပါ။ မိမိတို့ပါတီအပါအဝင် မြန်မာပြည်ရှိ (၅၇) သန်းသော လူမျိုးစုံပြည်သူများကိုပါ စိန်ခေါ်ခြိမ်းခြောက်လိုက်ခြင်းဖြစ်သည်ဟု မိမိတို့ပါတီမှ ရှုမြင်ပါသည်။

၎င်း စိန်ခေါ်ခြိမ်းခြောက်နေမှုများကို ရင်ဆိုင်ရေးနှင့် မိမိတို့၏ ဒီမိုကရေစီရေးရည်မှန်းချက်များကို ပေါက်မြောက်အောင် ဆောင်ရွက်နိုင်ရေးတို့အတွက် တဦးချင်း၊ တဖွဲ့ချင်း၊ တပါတီချင်းဆောင်ရွက်၍ ရနိုင်လိမ့်မည်မဟုတ်ပါ။ ပြည်တွင်းပြည်ပအင်အားစုများအတွင်း အမြင်များစုစည်း၍ ဘုံလုပ်ငန်းစဉ်များချမှတ်ပြီး စုဖွဲ့မှုရှိရှိ ရင်ဆိုင်ကျော်လွှားကြရလိမ့်မည် ဖြစ်ပါသည်။

နအဖ စစ်အစိုးရ၏ ခြေလှမ်းများအပေါ် မိမိတို့ပါတီ၏ ရပ်တည်ချက်နှင့် အမြင်သဘောထားများကို တင်ပြလိုပါသည်။

မိမိတို့ပါတီအနေဖြင့် ...

၁။ နအဖ စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို လုံးဝ လက်မခံပါ။

၂။ နအဖ စစ်အစိုးရ၏ လူထုဆန္ဒကို အဓမ္မလုယူကြေညာခဲ့သည့် ဆန္ဒခံယူပွဲရလဒ်ဆိုသည်ကိုလည်း လုံးဝ လက်မခံပါ။

၃။ နအဖ စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲကိုလည်း လုံးဝ လက်မခံပါ။

၄။ ၉၀ – ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်ပြုခြင်း၊ အကောင်အထည်ဖော်ခြင်း တစုံတရာမရှိဘဲ နောက်ထပ်ရွေးကောက်ပွဲ အသစ်တခုကို နအဖ စစ်အစိုးရအနေဖြင့် လုံးဝ ပြုလုပ်ပိုင်ခွင့်မရှိပါ။

ယနေ့ ရင်ဆိုင်ကြုံတွေ့နေရသော နိုင်ငံရေးအကြပ်အတည်းများကို ဖြေရှင်းပေးနိုင်ရန်အတွက် နအဖ စစ်အစိုးရမှ ...

- ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံးပြန်လွှတ်ရန်၊
- ပြည်သူ့လွှတ်တော်ခေါ်ပေးရန်၊
- နိုင်ငံရေးအရ တန်းတူရည်တူ တွေ့ဆုံဆွေးနွေးအဖြေရှာရန်

စသည့် (စု – လွှတ် – တွေ့) လုပ်ငန်းစဉ် (၃) ရပ်ကို မဖြစ်မနေဆောင်ရွက်ရမည့် ပဏာမလုပ်ငန်းစဉ်များအဖြစ် အမြန်ဆုံး စတင်ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မိမိတို့ပါတီမှ အခိုင်အမာယုံကြည်ပါသည်။

သို့သော် ဤတောင်းဆိုချက်များကို တောင်းဆိုနေရုံမျှဖြင့် နအဖ စစ်အစိုးရမှ အသာတကြည် လိုက်လျောလာမည်မဟုတ်ပါ။

မိမိတို့အင်အားစုအသီးသီးမှ ညီညွတ်ရေးကို အစွမ်းကုန်တည်ဆောက်ကာ တက်ညီလက်ညီ တောင်းဆို တိုက်ပွဲဝင်နိုင်မှ ရရှိနိုင်မည်ဟု အလေးအနက်ယုံကြည်ပါသည်။

မတူညီသော အခြေအနေပေးမှုများအောက်တွင် မတူကွဲပြားသော အဖွဲ့အစည်းများအနေဖြင့် မတူကွဲပြားသော နည်းနာများဖြင့် ရင်ဆိုင်ကျော်ဖြတ်ကြရန် ပြင်ဆင်နေကြသည်ကို မိမိတို့ပါတီအနေဖြင့် သိမြင်နားလည်ပါသည်။

သို့ရာတွင် ယနေ့ကာလစိန်ခေါ်မှုများသည် မြန်မာပြည်၏ ကံကြမ္မာကို အခြေအနေတခုအထိ အဆုံးအဖြတ်ပေးနိုင်သော စိန်ခေါ်မှုကြီးဖြစ်နေပါသည်။ လူမျိုးစုံမြန်မာပြည်သူတရပ်လုံးကို စစ်ကျွန်ဘဝ လုံးလုံးကျရောက်သွားစေမည့် စိန်ခေါ်မှုကြီးဖြစ်နေပါသည်။

သို့ပါ၍ ပြည်တွင်း ပြည်ပအင်အားစုအသီးသီးအနေဖြင့် အသွင်သဏ္ဌာန်အရဖြစ်စေ၊ အနှစ်သာရအရဖြစ်စေ လက်ရှိ တိုက်ပွဲလိုအပ်ချက်ကို ဦးဆောင်နိုင်သော၊ ကြီးမားကျယ်ပြန့်သော၊ တမျိုးသားလုံးကိုကိုယ်စားပြုသော အမျိုးသားနိုင်ငံရေးတပ်ပေါင်းစုကြီးတရပ် ဖွဲ့စည်းပြီး ပြည်သူလူထုကြီး၏အားကို အပြည့်အဝ အရယူကာ ယနေ့ကာလ စိန်ခေါ်ခြိမ်းခြောက်နေမှုမှန်သမျှကို ရင်ဆိုင် ကျော်လွှားကြရလိမ့်မည်ဟု မိမိတို့ပါတီမှ အကြံပြုတင်ပြလိုပါသည်။

မိမိတို့အင်အားစုများအတွင်း ညီညွတ်ရေးကို တည်ဆောက်နိုင်လျှင်၊ ခိုင်မာသောခေါင်းဆောင်မှုတရပ်ကို တည်ဆောက်နိုင်လျှင်၊ လက်တွေ့ကျသော ဘုံတိုက်ပွဲလမ်းစဉ်တရပ်ကို ချမှတ်နိုင်လျှင်၊ လူမျိုးစုံမြန်မာပြည်သူတရပ်လုံး၏ နိုးကြားမှုနှင့် တက်ကြွစွာဝန်းရံထောက်ခံပါဝင်လာမှုကို စည်းရုံးဦးဆောင်နိုင်လျှင် နအဖစစ်အုပ်စု၏ စစ်အာဏာရှင်စနစ် တရားဝင်သက်ဆိုးရှည်ခွင့် တင်သွင်းရေးလုပ်ငန်းစဉ်များကို ဖျက်သိမ်းပစ်နိုင်ရုံသာမက စစ်အာဏာရှင်စနစ်ကိုပါ အကုန်အစင်ဖျက်သိမ်းပစ်နိုင်လိမ့်မည်ဟု မိမိတို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီမှ အခိုင်အမာယုံကြည်ပါကြောင်း မိမိတို့၏ အမြင်သဘောထားကို ထုတ်ပြန်ကြေညာလိုက်ပါသည်။

**စစ်အာဏာရှင်စနစ် မုချကျဆုံးရမည်။**
**ဒီမိုကရေစီတော်လှန်ရေး မုချအောင်ရမည်။**

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)
၂၀၀၈ ခုနှစ် အောက်တိုဘာလ (၁၄) ရက်။

ဆက်သွယ်ရန် –

| | | |
|---|---|---|
| ကိုအောင်မိုးဇော် | ဥက္ကဌ | ၀၈၄ ၄၉၀၈ ၂၃၇ |
| ကိုငွေလင်း | တွဲဖက်အထွေထွေအတွင်းရေးမှူး | ၀၈၁ ၄၇၅၉ ၂၂၃ |

---

P.O box 50, Mae Sot, Tak Province, 63110 Thailand, Tel: 055 546 694, Fax: 055 546 694